သင်ခန်းစာ (၂)

# Human Rights History

လူ့အခွင့်အရေးသမိုင်းကြောင်း

ရည်ရွယ်ချက်

- လူ့အခွင့်အရေးအယူအဆများသည် လူ့အခွင့်အရေးဆိုသောစကားလုံး မပေါ်ပေါက်မီကတည်းက လူတို့ထံတွင် ကိန်းအောင်းနေခဲ့ပြီးဖြစ်ကြောင်း ပေါ်လွင်စွာ မြင်တတ်ရန်၊
- လူ့အခွင့်အရေးသမိုင်းကြောင်း ပေါ်ပေါက်လာပုံကို နားလည်သဘောပေါက်စေရန်၊
- လူ့အခွင့်အရေးကို အခြားအမည်များဖြင့် ပညာပေးလှုံ့ဆော်နိုင်ကြောင်း သတိပြုမိ၍ နည်းလမ်းများ ရှာဖွေတတ်စေရန်၊

## Activity (လှုပ်ရှားမှု)

(၁) သင်တန်းသားများကို ကိုးကွယ်ရာဘာသာအလိုက် အုပ်စုခွဲပါ။ အကယ်၍ ဘာသာတူများသာဖြစ်နေပါက လူမျိုးအလိုက် ခွဲနိုင်သည်။ သို့မဟုတ် လူဦးရေအညီအမျှအုပ်စု (၃–၄) စုခွဲပါ။

(၂) ယခင်သင်ခန်းစာတွင် လေ့လာခဲ့သော လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာများ၏ ဆိုလိုချက်များကို ပြန်လည်စဉ်းစား၍ မိမိတို့ကိုးကွယ်သည့်ဘာသာနှင့် ယဉ်ကျေးမှုများတွင် ထိုဆိုလိုချက်များဖြင့် အဓိပ္ပာယ်တူသော ဆိုဆုံးမချက်များကို ပြန်လည်စဉ်းစား၍ အချင်းချင်းဆွေးနွေးစေပါ။

❖ (ဥပမာ – ဘာသာရေးအရ ရန်သူကိုပင် မေတ္တာထားရန် ယေရှုကမိန့်ဆိုထား၊ ပြဟ္မစိုရ်တရား ထွန်းကားရန် ဗုဒ္ဓက မိန့်ကြားထား၊ ငွေပင်မချေးဘဲ ကူညီပေးရန် အစ္စလာမ်ကပြောထား။ လူမှုရေးအရ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား။ ကိုယ့်ကိုကိုယ် ချစ်သလို သူများကိုလည်းချစ်ရန်၊)

(၃) ထိုဆွေးနွေးချက်များအုပ်စုလိုက်ပြန်၍တင်ပြစေပါ။

## Discussion (အပြန်အလှန်ဆွေးနွေးခြင်း)

- အဘယ်ကြောင့် ဒီအရာများကို ရွေးပြီးပြောနိုင်သလဲ။
- ထိုအရာများသည် လူ့အခွင့်အရေးနှင့် ဘာအဓိပ္ပာယ်တူနေသလဲ။

အမှန်တကယ်ဆိုလျှင် လူ့အခွင့်အရေးဆိုသော စကားလုံးမပေါ်ပေါက်မီကတည်းက လူ့အခွင့်အရေး အယူအဆနှင့်ဆင်တူသော အတွေးအခေါ်များက လူသားတိုင်း၏ ယုံကြည်ရာအဆိုအမိန့်၊ ယဉ်ကျေးမှုအစဉ်အလာထဲတွင် ထွန်းကားခဲ့ပြီးဖြစ်သည်။ စင်စစ်ဆိုရသော် လူ့အခွင့်အရေးဆိုသည်မှာ ဖိနှိပ်မှုကင်းကင်းဖြင့် လုံလုံခြုံခြုံနေရခြင်းဖြစ်သည်။ သမိုင်းတလျှောက်တွင် ဖိနှိပ်သူများ၊ စော်ကားနှောက်ယှက်သူများအောက်မှ လွတ်မြောက်ရန်အတွက် လူ့အခွင့်အရေးကို နည်းမျိုးစုံဖြင့်တိုက်ပွဲဝင်ရင်း လူ့အခွင့်အရေးအသွင်လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့သည်။ နိုင်ငံတကာတွင် လူ့အခွင့်အရေးအယူအဆသမိုင်းကြောင်း ဘယ်လိုပေါ်ပေါက်လာသလဲဆိုသည်ကို လေ့လာရန်လိုအပ်သည်။

## Input - I (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း – ၁)

လူ့အခွင့်အရေးအခြေခံအတွေးအခေါ်များသည် –

- ဟိန္ဒူဝေဒကျမ်း၊ သမ္မာကျမ်းစာ၊ ကိုရမ်ကျမ်းစာ၊ ကွန်ဖူးရှပ်၏အဆိုအမိန့်၊ ဟမ္မူရာဘီကိုဥပဒေ တို့တွင်လည်း တွေ့ရှိနိုင်သည်။
- ဟာမူရာဘီကိုဥပဒေတွင် မျက်လုံးတလုံးဆုံးလျင် မျက်လုံးတလုံးချင်း ပြန်လျော်ရမည်ဟူသော အခြားသူများ၏ အခွင့်အရေးကို လေးစားရန်ပါရှိသည်။
- BC ၄–၅ ရာစုက အရစ္စတိုတယ်၊ ပလေတို အစရှိသောအတွေးအခေါ်ပညာရှင်များ၏ အတွေးအခေါ်များတွင်လည်း လူ့အခွင့်အရေးအယူအဆများ ပါဝင်သည်။
- ၁၂၁၅ တွင် အင်္ဂလန်နိုင်ငံ၌ ဘုရင်ကိုစည်းမျဉ်းခံဘုရင်အဖြစ်မှ အာဏာလျှော့ချသည့် မဂ္ဂနာကာတာစာချုပ်ဆိုသည့် ပထမဆုံးသော လူ့အခွင့်အရေးနှင့်ပတ်သက်၍ စံထားကိုးကားနေသည့် စာချုပ်ပေါ်လာခဲ့သည်။
- ၁၆၈၉ ခုနှစ်တွင် အင်္ဂလန်၌ပင် ဖိနှိပ်ချုပ်ချယ်သော ဘုရင်စနစ်ထပ်မံပေါ်ပေါက်လာသည့်အတွက် လူထုမှ တော်လှန်ခဲ့ပြီးနောက် အင်္ဂလိပ်လူ့အခွင့်အရေးဥပဒေဟူ၍ ပေါ်ပေါက်လာခဲ့သည်။
- ၁၇၈၉ ခုနှစ်တွင် နှစ်ကြိမ်တိုင်တိုင် ပြင်သစ်တော်လှန်ရေးဖြစ်ပွားပြီးနောက် နိုင်ငံသားနှင့် လူသားအခွင့်အရေးကြေညာစာတမ်း စတင်ပေါ်ပေါက်လာခဲ့သည်။
- ၁၇၇၆ တွင် မြောက်အမေရိကမှ ပြည်နယ် ၁၃ ခုက အင်္ဂလိပ်ကိုလိုနီလက်အောက်မှ လွတ်မြောက်ကြောင်း လွတ်လပ်ရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။
- ၁၇၈၉ တွင် အမေရိကန် ဖယ်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေကို ရေးဆွဲခဲ့သော်လည်း လူ့အခွင့်အရေး ပြဌာန်းချက်များ မပါဝင်ဟုဆိုကာ ပြည်နယ်များမှ လက်မခံခဲ့ကြပေ။ ထို့အတွက် အခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်ချက် ၁၀ ခုပြုလုပ်ပြီးမှသာ ပြည်နယ်များက လက်ခံခဲ့ကြသည်။ ဤသို့ဖြင့် အမေရိကန် လူ့အခွင့်အရေးဥပဒေပေါ်ပေါက်လာခဲ့သည်။
- ၁၆၉၀ တွင် ဂျွန်လော့၏အတွေးအခေါ်များဖြစ်သည့် အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်များ ပေါ်ပေါက်လာခဲ့ပြီး ၄င်းတို့ကို သဘာဝအခွင့်အရေးများဟု သတ်မှတ်လက်ခံခဲ့ကြသည်။

## အထွေထွေရှင်းလင်းချက်

မဂ္ဂနာကာတာစာချုပ်သည် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပထမဆုံးသောကိုးကားသည့်စာချုပ် ဖြစ်သော်လည်း အမှန်စင်စစ်တွင် နိုင်ငံသားအားလုံးအတွက်မဟုတ်ပဲ ဂုဏ်သရေရှိလူတန်းစားများဖြစ်သော သူဌေးလူကုံတန်ဘူဇွာများ၏ အခွင့်အရေးကိုသာ ဦးစားပေးခဲ့သည်။ ထိုစာချုပ်တွင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်နှင့် တရား စီရင်ရေးကို စနစ်တကျဖြစ်စေရန် အဓိကထား၍ ထည့်သွင်းထားသည်။ ထို့အပြင် ထိုအချိန်တွင် အဓိကအားဖြင့် လူသားဟူသော စကားလုံးကို (Human) လူသားဟုမဖော်ပြပဲ (Men) ယောကျ်ားဟုဖော်ပြပြီး အမျိုးသားများကို ဦးစားပေး၍ ရေးဆွဲခဲ့သော စာချုပ်သာဖြစ်သည်။ မဂ္ဂနာကာတာစာချုပ်တွင် နိုင်ငံသားအားလုံးအတွက် ကာကွယ်မှု မပေးနိုင်သောကြောင့် အခွင့်အရေးများ ပိုမိုပြည့်စုံစွာဖော်ပြထားသည့် အင်္ဂလိပ်လူ့အခွင့်အရေးဥပဒေ ထပ်မံပေါ်ပေါက်လာခဲ့သည်။ ထိုအခွင့်အရေးဥပဒေတွင် လူမဆန်စွာအပြစ်ဒဏ်ပေးခြင်း၊ မတရားအခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်နှင့် မတရားလုပ်ခံရပါက တရားစွဲဆိုနိုင်ခွင့် စသည့်နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်သည့် အခွင့်အရေးများကို ထည့်သွင်းရေးသားထားပြီး လူတန်းစားအားလုံး ခံစားနိုင်ခွင့်ရှိကြောင်းဖော်ပြထားသည်။ ထို့ကြောင့် အင်္ဂလိပ်လူ့အခွင့်အရေးဥပဒေသည် အင်္ဂလန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အလွန်အရေးပါသည့် အုတ်မြစ်တခုဖြစ်ခဲ့သည်။

ထို့အပြင် ပြင်သစ်နိုင်ငံတွင်လည်း သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဆန့်ကျင်သည့်ပြင်သစ်တော်လှန်ရေးအပြီးတွင်ပေါ်ပေါက်လာသော ပြင်သစ်နိုင်ငံသားနှင့်လူသားတို့၏ အခွင့်အရေးကြေညာစာတမ်းတွင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ အသက်ရှင်လုံခြုံခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အပါအဝင်နိုင်ငံသားတို့၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် အခွင့်အရေးများစွာကို ထည့်သွင်းရေးသားထားသည်။ ထို့အတူ အမေရိကန်ဖွဲ့စည်းပုံ အခြေခံ

ဥပဒေတွင်လည်း ထိုအခွင့်အရေးများကို ထည့်သွင်းရေးဆွဲထားသည်။ ဤသို့ဖြင့် တဖြည်းဖြည်းတိုးတက်လာသော အခွင့်အရေးများသည် ဒုတိယကမ္ဘာစစ်အပြီးတွင် ထွက်ပေါ်လာသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအတွက် ကိုးကားစရာအချက်အလက်များဖြစ်သောကြောင့် ၄င်းစာချုပ်များသည် လူ့အခွင့်အရေး လှုပ်ရှားမှုသမိုင်း တွင် အလွန်အရေးကြီးပါသည်။

## **Input II** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း – ၂)

လူ့အခွင့်အရေးစကားအသုံးအနှုန်းမပါပဲ ထိုလမ်းစဉ်ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်လျှက်ရှိသော တချို့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဒီမိုကရေစီထွန်းကားရေး တောင်းဆိုသောလှုပ်ရှားမှုများ၊ ပြည်သူလူထုအများပါဝင်ဆုံးဖြတ်သော အစိုးရစနစ်ကို တောင်းဆိုတိုက်ပွဲဝင်ခြင်း၊
- လူထုအဓိကအဖွဲ့အစည်း (Civil Society) – လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခြင်း၊ မိမိတို့ဆန္ဒအတိုင်းပါဝင်လုပ်ဆောင်စေခြင်း၏ တဖွဲ့နှင့်တဖွဲ့ ပူးပေါင်းဆောင်ရွက်၍ အစိုးရ၏လိုအပ်ချက်များကို ဖြည့်ဆည်းတင်ပြပေးခြင်း၊
- တရားဥပဒေစိုးမိုးရေး (Rule of Law) – ချိုးဖောက်သူရှိတိုင်းအရေးယူရမည်။ တရားဥပဒေအတိုင်း ကျောသား ရင်သား မခွဲခြားပဲတန်းတူညီမျှမှုရှိရမည်။ ချိုးဖောက်ခံရသူအား ဥပဒေအရ တာဝန်ယူ ဆောင်ရွက်ပေးရမည်ဆိုသည့် သဘောတရားများပြန့်ပွားအောင်လုပ်ဆောင်ခြင်း၊
- လူမှုဖွံ့ဖြိုးရေး (Development) – လူများအတွက်သာမက ကျောင်း၊ ပညာရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ သဘာဝပတ်ဝန်းကျင်စသည်တို့ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ ထို့ကြောင့် လူ့အသိုင်းအဝိုင်းတိုးတက်အောင် လုပ်ခြင်း၊
- ဘာသာရေးအဖွဲ့အစည်းများ – သွန်သင်မှု၊ မေတ္တာထားတတ်မှုများရှိသည်။ ပရဟိတလုပ်ငန်း၊ အထူးလုပ်ဆောင် ပေးမှုလုပ်ငန်းများလုပ်ဆောင်ပေးခြင်း၊
- ငြိမ်းချမ်းမှုတည်ဆောက်ခြင်း (Peace Building) – အချင်းချင်းအကြား အကြမ်းဖက်မှုရပ်တံ့စေပြီး ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်ကြိုးပမ်းဆောင်ရွက်ပေးခြင်း၊
- အမျိုးသမီးအဖွဲ့အစည်းများ – အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုများပပျောက်အောင် လုပ်ဆောင်ခြင်း၊ အမျိုးသမီးများ၏ စွမ်းရည်များနှင့်တာဝန်များအပေါ် လေးစားအသိအမှတ်ပြုမှုများ တိုးပွားလာစေရန်နှင့် စီးပွားရေး၊ လူမှုရေးနှင့်နိုင်ငံရေးကဏ္ဍများတွင် တန်းတူပါဝင်ခွင့်ရရှိလာအောင်လုပ်ဆောင်ပေးခြင်း။
- လူငယ်အဖွဲ့အစည်းများ – လူငယ်များအကြား အချင်းချင်း အသိအမှတ်ပြုမှု၊ လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စသည့် အရည်အချင်းများမြင့်မားလာစေရန် လေ့ကျင့်လုပ်ဆောင်ပေးခြင်း၊
- နိုင်ငံတော်အတွင်း ပြန်လည်သင့်မြတ်ရေး အစီအစဉ် National Reconciliation Program ( NRP) Conflict Resolution (CR) - နိုင်ငံတော်အတွင်းတည်ရှိနေသော ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ပြေလည်အောင်ဖြေရှင်းနိုင်ရန် နည်းလမ်းရှာလုပ်ဆောင်ပေးခြင်း၊

အထက်ပါလုပ်ငန်းအစီအစဉ်များအားလုံးသည် လူတိုင်း၏ဂုဏ်သိက္ခာရရှိစေရန်အတွက် တန်းတူညီမျှမှု၊ လေးစားမှု၊ အစရှိသော လူ့အခွင့်အရေးသဘောတရားများထွန်းကားအောင် လုပ်ဆောင်နေသောလုပ်ငန်းစဉ်များပင်ဖြစ်သည်။ ထိုလုပ်ငန်းများအားလုံးသည် လူ့အခွင့်အရေးဆိုသောစကားလုံးကို အသုံးပြုခြင်းမရှိပဲ လူ့အခွင့်အရေးထွန်းကားရေးလုပ်ငန်းများကို အသွင်အမျိုးမျိုး အမည်အမျိုးမျိုးဖြင့် လုပ်ဆောင်နေကြခြင်းပင်ဖြစ်သည်။

**Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ခြင်း)
သင်တန်းသားများကို အောက်ပါမေးခွန်းများမေး၍ အုပ်စုကြီးတွင်ဖြစ်စေ၊ အုပ်စုငယ်ခွဲ၍ဖြစ်စေ ဆွေးနွေးခိုင်းပါ။

- မိမိပတ်ဝန်းကျင်တွင် လူ့အခွင့်အရေးဟု အမည်မခံသော်လည်း လူ့အခွင့်အရေးအတွက် လုပ်ဆောင်၊ ပံ့ပိုးပေးနေသောအဖွဲ့များ၊ လုပ်ငန်းများရှိပါသလား၊
- ဘာကြောင့် ထိုအဖွဲ့များ၏လုပ်ဆောင်ချက်များ၊ လုပ်ငန်းစဉ်များသည် လူ့အခွင့်အရေးနှင့်ဆက်စပ်သည်ဟုထင်ပါသလဲ။

**Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကိုအဖြေရှာလုပ်ဆောင်ဖြင်း)

လူ့အခွင့်အရေးသည် တည်ရှိနေပြီးသားပင်ဖြစ်သည်။ ထို့အပြင် အချို့သောအတွေးအခေါ် အယူအဆများ၊ ဓလေ့ထုံးစံများ၊ အဖွဲ့အစည်းများသည် လူ့အခွင့်အရေး အမည်မတပ်၊ လူ့အခွင့်အရေး စကားလုံးအသုံးမပြုသော်လည်း ၎င်းတို့တွင် လူ့အခွင့်အရေးသည် ပါဝင်နေပြီးသား၊ လုပ်ဆောင်နေပြီးသားပင် ဖြစ်သည်။ ယခုလို ဘာသာရေးများထဲတွင် လူ့အခွင့်အရေး အယူအဆများ ပါဝင်ပြီးသားကို လေ့လာတွေ့ရှိရပြီးနောက် ထိုအချက်ကို သင်တန်းသားများအနေဖြင့် ဘယ်လိုအသုံးချနိုင်မလဲ ဟု မေးမြန်း၍ အဖြေများကို မှတ်တမ်းတင်ပါ။

**လိုအပ်သော ပစ္စည်းကိရိယာများ**

သာမန်စာရေးကိရိယာများ၊ ဖတ်ရှုလေ့လာရန် လူ့အခွင့်အရေးသမိုင်းကြောင်းစာရွက်၊

**လေ့လာရန်**

လူ့အခွင့်အရေး သမိုင်းကြောင်း (လက်စွဲစာအုပ် အခန်း–၂)၊ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေး အဆိုအမိန့်များ၊ သက်ဆိုင်ရာ လူမျိုးအလိုက် လူမှုရေး၊ ရိုးရာဓလေ့ အဆိုအမိန့်များ၊ မဂ္ဂနာကာတာ၊ ပြင်သစ်၊ အမေရိကန် ကြေညာစာတမ်း၊

**မှတ်ချက်။**

- လူ့အခွင့်အရေးသမိုင်းကြောင်းသည် ရှည်လျားတတ်သဖြင့် လူများစိတ်ဝင်စားစေရန် သမိုင်းရုပ်ပုံများရေးဆွဲခြင်း၊ ပုံများကပ်၍ ရှင်းပြခြင်းများလုပ်ဆောင်သင့်သည်။
- သမိုင်းကြောင်းတွင် ခုနှစ်များထက် လူ့အခွင့်အရေးတောင်းဆိုမှုအယူအဆများ အဆင့်ဆင့်မည်ကဲ့သို့ပြောင်းလဲလာပုံကို ပိုမိုဦးစားပေးရမည်။ သက်ဦးဆံပိုင်ဘုရင်ကို တွန်းလှန်သော ဘူဇွာများမှတဆင့် နိုင်ငံတော်ရှိ ပြည်သူလူထု၊ ထိုမှတဆင့် အပြည်ပြည်ဆိုင်ရာအဆင့်အထိ တိုးတက်လာပုံ၊ အခွင့်အရေးဟု အမည်ခံသော်လည်း ထိုခေတ်အခြေအနေအရ အမျိုးသမီးများ၏အခွင့်အရေးကို အသိအမှတ်ပြုရန် မေ့လျော့နေပုံများကို ထည့်သွင်းထောက်ပြသင့်သည်။
- ဗဟုသုတ (**Input**) တွင် လူ့အခွင့်အရေးအခြေခံရှိသော သင်တန်းသားများအနေဖြင့် ကြိုတင်ဖတ်လာပြီး ဆွေးနွေးနိုင် စေရန်အတွက် လေ့လာရေးစာတမ်းများကို ကြိုတင်ဖြန့်ဝေထားသင့်သည်။
- လက်တွေ့ဘဝနှင့် ဆက်စပ်ခြင်း (**Deepening**) တွင် သင်တန်းသားအနေဖြင့် အတွေ့အကြုံများ၊ ဗဟုသုတများရှိပြီးဖြစ်ပါက နိုင်ငံတကာ လူ့အခွင့်အရေးသမိုင်းကြောင်းကဲ့သို့ မြန်မာနိုင်ငံ သမိုင်းကြောင်း
- 

- တွင် လူ့အခွင့်အရေးလှုပ်ရှားမှုသမိုင်းကြောင်း (Burma Human Rights Timeline) ကို သုတေသနလုပ်၊ ပြင်ဆင်ခိုင်းနိုင်သည်။
- ဥပမာ– ၊ သီပေါမင်းပါတော်မူနောက်ပိုင်း ၊ အင်္ဂလိပ်ကိုလိုနီ ၊ ဂျပန်ကိုလိုနီ ၊ ၁၉၄၈ ၊ ၁၉၆၂ ၊ ၁၉၈၈ ၊ ၁၉၉၆ ၊ ၂၀၀၀ ၊ ၂၀၀၄ ၊